**National Conference of Burmese-American Catholics**
**(NCBAC)**

**အမေရိကန်နိုင်ငံလုံးဆိုင်ရာ မြန်မာကက်သလစ်အဖွဲ့ချုပ်**

EST. 2010

*The purpose of NCBAC is to bring together all Burmese Catholics who are residing in the United States and to provide opportunities for growth, prayer, worship, and community building.*

November 7, 2024

**<u>အမေရိကန်တွင်ရောက်ရှိနေထိုင်နေကြသော မြန်မာ ကက်သလစ်ဘာသာသူများအား အသိပေးနှိုးဆော်ခြင်း</u>**

NCBAC သည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့အခြေချ နေထိုင်နေကြသော မြန်မာကက်သလစ်ဘာသာဝင် များ၏ လူမှုရေး၊ ဝိညာဉ်ရေးရာ များ၌စည်းလုံးညီညွတ်တိုးတက်စေရေးအတွက်၊ ရှေ့ရှုဆောင်ရွက်ရန် တည်ထောင်ထားခြင်းဖြစ်ပါသည်။ NCBAC စတင် တည်ထောင်သည့် ၂၀၁၀ မှ စ၍၊ ယခုတိုင်အောင် အချိန်ကာလ အတွင်း ဤအသင်းအဖွဲ့အစည်း ၏ အားနည်းချက်၊ အားသာချက်များကို ဆင်ခြင် သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသုံးသပ်မှုများ ကိုအခြေခံ၍၊ NCBAC ၏လက်ရှိအခြေအနေထက်၊ ပိုမိုထိရောက်သော လုပ်ငန်းများ လုပ်ဆောင် နိုင်ရန်၊ NCBAC ကိုတိုးချဲ့ဖွဲ့စည်းရန် NCBAC EC အဖွဲ့ဝင် များမှ ဆုံးဖြတ်ချက်ချခဲ့ကြပါ သည်။ ဤဆုံးဖြတ် ချက်မှာ အမေရီကားရောက် မြန်မာ ကက်သလစ်ဘာသာဝင်များ ၏ ဘာသာရေး၊ ဝိညာ ် ရေး၊ လူမှုရေး လိုအပ်ချက် များကို ဖြည့်စည်းပေးရန် ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

သို့ ဖြစ်ပါ၍ ယခုနှစ် North Carolina ပြည်နယ် Charlotte မြို့တွင်ကျင်းပမည့် ၁၃ ကြိမ်မြောက် NCBAC ပွဲတော် အတွင်းတွင်၊ ပြည်နယ် အသီးသီးရှိ မြန်မာကက်သလစ် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ခေါင်းဆောင်များ နှင့်တွေ့ဆုံ ဆွေးနွေးပွဲ ကို နိုဝင်ဘာလ ၂၉ ရက် မနက် ၈:၃၀ မှ ၉:၃၀ အထိ ပြုလုပ်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍၊ လက်ရှိဖွဲ့စည်းထားသော ကက်သလစ် အဖွဲ့အစည်း၏ (Myanmar Catholic Communities) ခေါင်းဆောင် နှစ်ဦးသို့ မဟုတ်၊ ကိုယ်စားလှယ်နှစ်ဦး လာရောက်ပါဝင် ဆွေးနွေးရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

NCBAC အသင်းအဖွဲ့အစည်းကို တိုးချဲ့ဖွဲ့စည်းရာတွင် အမေရီ ကန်နိုင်ငံ ရောက်ရှိ နေကြသော ရဟန်း၊ သီလရှင်၊ ကိုရင် နှင့် Deacon များပါဝင်သော ရဟန်းသံဃာ အဖွဲ့နှင့်လက်တွဲပူးပေါင်းဆောင်ရွက် မည်ဖြစ်သကဲ့သို့၊ တဖက်မှလည်း ပြည်နယ် များတွင် တည်ရှိနေသော မြန်မာ Catholic Community အသီးသီးနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ ပါ၍၊ မိမိတို့ ၏ ဝိညာဉ်ရေး၊ ဘာသာရေး၊ လူမှုရေးတိုးတက်မှု များကို တိုးတက်စေရန် ဆွေးနွေးသော ဤအစည်းအဝေး အား၊ အားတက်သရော ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လေးစားစွာဖြင့်

Maurice Lee
President, NCBAC

Fr David Michael Htun
Spiritual Director of NCBAC

Mailing Address: 415 Michigan Avenue, NE Washington, DC 20017 U.S.A.